ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဥပဒေရေးရာဝန်ကြီးဌာန
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန

စာအမှတ်၊ ၄ (၄) / ၁ - ၂ ( ၃၃ )
ရက်စွဲ ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်

အကြောင်းအရာ။ **ဥပဒေပညာဗဟုသုတမှတ်စုများ (ရာဇသတ်ကြီး) (အတွဲ-၁) စာအုပ် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေရေးအတွက် ဈေးနှုန်းများတင်သွင်းရန်ကိစ္စ**

၁။ ဥပဒေရေးရာဝန်ကြီးဌာနကထုတ်ဝေမည့် ဥပဒေပညာဗဟုသုတမှတ်စုများ (ရာဇသတ်ကြီး) (အတွဲ-၁) စာအုပ် ပထမအကြိမ် ပုံနှိပ်ထုတ်ဝေရေးအတွက် ဈေးနှုန်းများကို ၂-၂-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ ဥပဒေရေးရာဝန်ကြီးဌာန၊ စာအုပ်ထုတ်ဝေရေးကော်မတီသို့ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | |
|---|---|
| (က) ပုံနှိပ်မည့်စာအုပ်အရွယ်အစား | ၁၀ လက်မ × ၇.၅ လက်မ |
| ( ခ ) စာမျက်နှာ | ( ၃၅၈ ) မျက်နှာ |
| ( ဂ ) အတွင်းသားစက္ကူ | ဝူဖရီ အင်ဒိုနီးရှား (၇၀) ဂရမ် (I-K အမှတ်တံဆိပ်)၊ |
| (ဃ) အဖုံးစက္ကူ | Art card 350-gm (ပလပ်စတစ်လောင်း၊ တစ်ဖက်အပြောင်) |
| ( င ) စာအုပ်အရေအတွက် | အုပ်ရေ ( ၁၅၀၀ ) |
| ( စ ) စာအုပ်ချုပ်ပုံ | စက်ကော်ကပ်ချုပ်၊ Art card၊ ပတ်ဖုံး |
| (ဆ) သတ်မှတ်ချက် | ဥပဒေရေးရာဝန်ကြီးဌာနမှ ထုတ်ဝေခဲ့သော စာအုပ်များကို ယခင်က ပုံနှိပ်ခဲ့ဖူးသူဖြစ်ပါက စာအုပ်အပ်နှံရာတွင် စရန်ငွေတစ်ဝက်ပေးမည်ဖြစ်ပြီး ပုံနှိပ်တိုက်အသစ်ဖြစ်ပါက စာအုပ်များကို ပုံနှိပ်အပ်နှံလက်ခံရရှိပြီးမှသာ ကျသင့်ငွေအားလုံးကို ပေးချေမည်ဖြစ်ပါသည်။ |
| ( ဇ ) ဖလင် | ဥပဒေရေးရာဝန်ကြီးဌာနက ဖလင်ရိုက်ရန် စာမူ Hard Copy နှင့် Soft Copy ပေးမည်ဖြစ်ပြီး နမူနာစာအုပ် ၅ အုပ်ကို ကနဦးထုတ်ပေးရမည်။ နမူနာစာအုပ်များကို စိစစ်ပြီး ပြင်ဆင်ရန်ရှိသည်များကို ထပ်မံပြင်ဆင်ပြီးသည့် Hard Copy နှင့် Soft Copy တို့ကိုသာ ပုံနှိပ်ပေးရမည်ဖြစ်သည်။ ပုံနှိပ်ပြီးသည့် ဖလင်အားလုံး၊ Hard Copy နှင့် |

Soft Copy တို့ကို ဥပဒေရေးရာဝန်ကြီးဌာနသို့ အခမဲ့ **အမြန်** ပြန်လည်ပေးအပ်ရမည်။

( ၈ ) တာဝန်

(၁) ပုံနှိပ်တိုက်များသည် ဈေးနှုန်းလွှာတင်သွင်းချိန်တွင် ပုံနှိပ်ထုတ်ဝေခွင့် သက်သေခံအထောက်အထားနှင့်အတူ မိမိတို့ အသုံးပြုမည့် မျက်နှာဖုံးစာရွက်၊ အတွင်းသားစက္ကူများကို နမူနာအဖြစ် လက်မှတ်ရေးထိုးတင်ပြရမည်။

(၂) ဈေးနှုန်းတင်သွင်းလွှာပါ စာအုပ်အရေအတွက်ထက် ပိုမိုပုံနှိပ်ခြင်းမပြုကြောင်း ဝန်ခံကတိပြုလွှာ ပူးတွဲတင်ပြရမည်။

(၃) အသုံးပြုမည့် နမူနာစာရွက်၊ ကတိဝန်ခံချက်နှင့် အနည်းဆုံးဈေးနှုန်းတင်သွင်းလွှာတို့ကို ချိတ်ပိတ်၍ ဥပဒေရေးရာဝန်ကြီးဌာန၊ စာအုပ်ထုတ်ဝေရေးကော်မတီသို့ အမြန်ချောဖြင့်ဖြစ်စေ၊ သင့်ရာနည်းဖြင့်ဖြစ်စေ ပေးပို့ရမည်။

(၄) ပုံနှိပ်ထုတ်ဝေရန် လုပ်ငန်းလက်ခံရရှိပါက မိမိတို့တင်သွင်းခဲ့သည့် နမူနာပါစက္ကူအမျိုးအစားအတိုင်း စာအုပ်များကို ပြုလုပ်ပေးရမည်။

(၅) စာအုပ်ထုတ်ဝေရေးကော်မတီက သတ်မှတ်ပေးသည့် အရေအတွက်အတိုင်း စာအုပ်များကို ဥပဒေရေးရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေချုပ်ရုံးများသို့ မိမိစရိတ်အစီအစဉ်ဖြင့် အရောက်ပေးပို့ရမည်။

၃။ ပုံနှိပ်တိုက်များက တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများထဲမှ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး အနည်းဆုံးဈေးနှုန်းဖြင့် ဆောင်ရွက်ပေးနိုင်မည့် ပုံနှိပ်တိုက်ကို ရွေးချယ်မည်ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ ဖုန်း ၀၆၇-၃၄၀၄၁၅၉ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အမိန့်အရ

(signature) ၃၀/၁/၂၄

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(သန့်ဇင်ဝင်း၊ ညွှန်ကြားရေးမှူး)

------------------- ပုံနှိပ်တိုက်
-------------------------------

D:\DCSSL\တင်ဒါ.docx

မိတ္တူကို

- ညွှန်ကြားရေးမှူးချုပ်၊ ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
- ညွှန်ကြားရေးမှူး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ၊ (တင်ဒါကြော်ငြာကို ဥပဒေရေးရာဝန်ကြီးဌာန Website တွင် လွှင့်တင်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။)
- ဥပဒေရေးရာဝန်ကြီးဌာနကြော်ငြာသင်ပုန်း
- ရုံးလက်ခံ
- မျှောစာတွဲ